THE REPUBLIC OF THE UNION OF MYANMAR

# THE SUPREME COURT OF THE UNION

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ( ၂၀၂၃ – ၂၀၂၇ )

# JUDICIAL STRATEGIC PLAN [ 2023 - 2027 ]



**PROVIDING JUSTICE BY ALL**

တရားမျှတမှုရရှိစေရေး
အားလုံးပါဝင်ဆောင်ရွက်ပေး

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ( ၂၀၂၃ – ၂၀၂၇ )
JUDICIAL STRATEGIC PLAN ( 2023 - 2027 )

# တရားစီရင်ရေးဆိုင်ရာ
# မဟာဗျူဟာစီမံကိန်း
# ( ၂၀၂၃ - ၂၀၂၇ )

“တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး”

# မာတိကာ


| | |
|---|---|
| ပြည်ထောင်စုတရားသူကြီးချုပ်၏ဥယျောဇဉ် | |
| တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ်အကဲဖြတ်သုံးသပ်ခြင်း | ၁ |
| တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)နောက်ခံအကြောင်းအရာနှင့်နည်းစနစ်များ | ၈ |
| တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)အကြောင်းအကျဉ်းချုပ် | ၁၁ |
| မဟာဗျူဟာဦးစားပေးအစီအစဉ် | ၁၂ |
| အဓိကမဟာဗျူဟာလုပ်ငန်းနယ်ပယ်များ | ၁၂ |
| အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ | ၁၉ |
| မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း | ၂၀ |
| ငါးနှစ်တာမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) | ၂၂ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန် | ၂၂ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၂၊ အများပြည်သူ၏အသိအမြင်ကိုမြှင့်တင်ပေးရန် | ၂၄ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၃၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန် | ၂၅ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄၊ တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန် | ၂၈ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅၊ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သောအထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် | ၃၁ |
| ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃) | ၃၄ |
| အတိုကောက်အခေါ်အဝေါ်များ | ၅၅ |
| အဓိပ္ပာယ်ဖွင့်ဆိုချက်များ | ၅၇ |

# ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ်

မြန်မာ့တရားစီရင်ရေး၏ ငါးနှစ်တာ“တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)” ကို ‘တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး’ ဟူသော ဆောင်ပုဒ်ဖြင့်ရေးဆွဲထုတ်ပြန်လိုက်ရပေသည်။ တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၏ အရေးကြီးသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် မဟာဗျူဟာစီမံကိန်းများကို လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုနီးပါးကပင် စတင်ရေးဆွဲချမှတ်အကောင်အထည်ဖော်ခဲ့သည်မှာ ယခုစီမံကိန်းသည် တတိယမြောက်ပင်ဖြစ်သည်။ ယခုမဟာဗျူဟာစီမံကိန်းကိုလည်း ယခင်ရေးဆွဲထုတ်ပြန်ခဲ့သည့်မဟာဗျူဟာစီမံကိန်းနှစ်ရပ်အပေါ်အခြေပြုလျက် အားသာချက်၊ အားနည်းချက်များကို ထည့်သွင်းသုံးသပ်ကာ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲပြင်ဆင်သင့်သည်များကို ဆောင်ရွက်ပြီးနောက် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခု စီမံကိန်းနှင့်အတူ ယခင် ငါးနှစ်တာ စီမံကိန်းအပေါ်အကဲဖြတ်သုံးသပ်ခြင်းနှင့် ကနဦးနှစ်ဖြစ်သည့် ၂၀၂၃ ခုနှစ်အတွက် ပထမနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကိုလည်း ပူးတွဲထုတ်ပြန်လိုက်ရပေသည်။

အချုပ်အခြာအာဏာကြီး သုံးရပ်တွင်ပါဝင်သည့် နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သောတရားရုံးများအား ခွဲဝေအပ်နှင်းထားရှိပါသည်။ တရားဥပဒေစိုးမိုးရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ နေ့စဉ်လူမှုဘဝလုံခြုံရေးအတွက်လည်း မရှိမဖြစ်အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ လူတိုင်းသို့အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်နှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်ဟူသည့် ရည်မှန်းချက်များထားရှိကာ မဟာဗျူဟာစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိစေရန် တရားစီရင်ရေး၏လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများကိုလည်းဆက်လက်ထိန်းသိမ်းထားရှိဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်မှာ မဖြစ်မနေလုပ်ဆောင်ရမည့်အရာလည်းဖြစ်သဖြင့် တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ပတ်သက်ဆက်နွှယ်သူအားလုံးအနေနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပေသည်။

တရားစီရင်ရေးကဏ္ဍအနေနှင့် ပြီးခဲ့သည့်ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်နေဆဲ အစအဦးပိုင်း၌ပင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအပါအဝင် စိန်ခေါ်မှုများစွာကို အခြားသောကဏ္ဍများနည်းတူ ရင်ဆိုင်ခဲ့ရပါသည်။ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအားနည်းခဲ့သဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေဆဲကာလ၌ပင် အဆင့်ဆင့်သောတရားရုံးများ၏ လုပ်ငန်းဆောင်တာများရပ်ဆိုင်းသွားခြင်းမရှိစေရေး အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်ခဲ့ကြရပါသည်။ ယင်းကာလများအတွင်း တရားရုံးများ၌ သတင်းအချက်အလက်နည်းပညာနှင့် အွန်လိုင်းစနစ်အသုံးပြုမှု တွန်းအားပေးမြှင့်တင်နိုင်ခဲ့သည့်အတွက်ကြောင့်လည်း များစွာထိရောက်မှုရှိခဲ့သည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ တရားရုံးနည်းပညာကို

ယခုထက်ပိုမိုတွင်ကျယ်စွာ၊ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ယခုမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ပြီးခဲ့သည့် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်းအတွင်း နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရန်လျာထားသည့် ခရိုင်တရားရုံးများ၏ ၉၈.၆% နှင့် မြို့နယ်တရားရုံးများ၏ ၉၇% ကို အကောင်အထည်ဖော်ပြီးဖြစ်၍ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုကို တရားရုံးများက စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ရပေမည်။

တရားစီရင်ရေး၌ သမားရိုးကျလုပ်ငန်းရပ်ဖြစ်သည့် အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်နိုင်ခြင်းသည် အလွန်အရေးကြီးလှပေသည်။ ထိုနည်းတူပင် အငြင်းပွားမှုများကို အခြားနည်းဖြင့်ဖြေရှင်းနိုင်သည့် ယန္တရားများ၊ လုပ်ထုံးလုပ်နည်းများရှိမရှိဆိုခြင်းသည်လည်း ယနေ့ခေတ်အခါတွင် နိုင်ငံတကာက အသိအမှတ်ပြုလက်ခံထားသည့် တရားဥပဒေစိုးမိုးရေးအညွှန်းကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၉ ခုနှစ်တွင် စတင်စမ်းသပ်အကောင်အထည်ဖော်ခဲ့သည့် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို တရားရုံးများတွင် ဆက်လက်တိုးချဲ့ဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတော်ကလည်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ 'တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ' အား ဖြည့်စွက်ပြင်ဆင်ပြဌာန်းပေးခဲ့ပါသည်။ လိုအပ်သည့်ဌာနများတိုးချဲ့ပြင်ဆင်ဖွဲ့စည်းပြီးလည်းဖြစ်ပါသည်။ ပြည်သူများအကြားဖြစ်ပွားသည့်အငြင်းပွားမှုများကို အချိန်တိုအတွင်းကုန်ကျစရိတ်သက်သာစွာဖြင့် ဖြေရှင်းပြီးစီးနိုင်သည့်စနစ်ဖြစ်သဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။

မြန်မာ့တရားစီရင်ရေး၏ ယခုရေးဆွဲထုတ်ပြန်လိုက်သည့် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) သည် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှုမပါဝင်ဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံကိန်းရေးဆွဲရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များမှ တာဝန်ရှိသူများအကြား အပြန်ပြန်အလှန်လှန်ဆွေးနွေးညှိနှိုင်းပြီးနောက် ယခုကဲ့သို့အောင်မြင်စွာထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ မဟာဗျူဟာစီမံကိန်းရေးဆွဲရေးအဖွဲ့နှင့် အဖက်ဖက်မှ တာဝန်ရှိသူများအားလုံးကို အထူးပင်အသိအမှတ်ပြု၊ ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုက်ရပေသည်။



ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်
နေပြည်တော်



## တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် အကဲဖြတ်သုံးသပ်ခြင်း

ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) သည် မြန်မာနိုင်ငံ တရားစီရင်ရေး၏ ဒုတိယမြောက် မဟာဗျူဟာစီမံကိန်းဖြစ်ပြီး ယခင် သုံးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ၏ အတွေ့အကြုံနှင့် အောင်မြင်မှုတို့ အပေါ် အခြေပြုရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထိုသို့ရေးဆွဲရာတွင်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏“တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့” နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်း၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့သည် အချက်အလက်နှင့်ကိန်းဂဏန်းဆိုင်ရာဆန်းစစ်လေ့လာမှုများကို ရှေ့ပြေးတရားရုံးများအပါအဝင် တရားရုံးအဆင့်ဆင့်၏ အမှုစာရင်းများနှင့် ဆောင်ရွက်ချက်များအပေါ် အကဲဖြတ်လေ့လာခဲ့သည်။ ထို့အပြင် ယူအင်ဒီပီမှ အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူ၏အကူအညီဖြင့်လည်း ဌာနတွင်းအကဲဖြတ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ တရားမျှတမှုကဏ္ဍမှအကျိုးသက်ဆိုင်သူများဖြစ်သည့် အစိုးရဌာနများ၊ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံဆွေးနွေးမှုမှအကြံပြုချက်များကိုလည်း ထည့်သွင်းရေးဆွဲခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ငါးနှစ်တာစီမံကိန်းအကောင်အထည်ဖော်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားရေးဦးစီးမှူးများနှင့် ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဤစီမံကိန်းတွင် အများပြည်သူလက်လှမ်းမီနိုင်မှု၊ အများပြည်သူအသိအမြင်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှု၊ ဂုဏ်သိက္ခာရှိမှု နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ် တို့နှင့်သက်ဆိုင်သည့် အဓိကမဟာဗျူဟာလုပ်ငန်းနယ်ပယ်များ ထည့်သွင်း ဖော်ပြခဲ့သည်။ “အားလုံးအတွက်တိုးတက်ကောင်းမွန်သောတရားမျှတမှုဆီသို့”ဟူသော စီမံကိန်းရည်မှန်းချက်သို့ ရောက်ရှိစေရန် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ဆောင်ရွက်မည့်ရည်မှန်းချက် ၁၆ ရပ်နှင့် ဦးစားပေးလုပ်ငန်း အစီအစဉ်များသတ်မှတ်ဖော်ပြခဲ့ပြီး ၂၀၁၈ မှ ၂၀၂၂ ခုနှစ်အထိငါးနှစ်တာကာလအတွင်း မဟာဗျူဟာအစီအစဉ်ပေါင်း ၄၁ခုနှင့် ဆောင်ရွက်ချက် ပေါင်း ၂၅၀ ခုတို့ကိုချမှတ်၍အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ မှ ၂၀၂၂ ခုနှစ် ကာလအတွင်း နှစ်အလိုက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များကို နှစ်စဉ် ထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို နှစ်စဉ်ထုတ်ပြန်လျက်ရှိသည့် တရားရုံးနှစ်စဉ် အစီရင်ခံစာများ၌ အခန်းကဏ္ဍ တစ်ရပ်အဖြစ်ဖော်ပြနိုင်ခဲ့သည်။

အဆိုပါ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အကဲဖြတ် သုံးသပ်နိုင်ရန်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်က “မဟာဗျူဟာစီမံကိန်းလက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ” ဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးမျိုးတင့် ကြီးမှူးသော “တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇ ခုနှစ်) ရေးဆွဲရေးလုပ်ငန်းအဖွဲ့” ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းလုပ်ငန်းအဖွဲ့က ၂၀၁၈ ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကိုပြန်လည်သုံးသပ်၍ အကဲဖြတ်ခြင်းကိုဆောင်ရွက်ခဲ့သည်။

အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် “တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇ ခုနှစ်) ရေးဆွဲရေးလုပ်ငန်းအဖွဲ့” သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဌာနများ၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များနှင့် လုပ်ငန်းညှိနှိုင်းအစည်း

အဝေးများ ကျင်းပ၍လည်းကောင်း၊ မဟာဗျူဟာ နယ်ပယ် (၅) ရပ်ပါ အစီအစဉ်တစ်ခုချင်းအလိုက် လျာထားချက်၊ အောင်မြင်မှုရလဒ်၊ ကြုံတွေ့ရသည့် အခက်အခဲ၊ နောင်ဆက်လက်ဆောင်ရွက်မည့်အချက် များအတွက် အကဲဖြတ်သုံးသပ်ချက်ပုံစံများ ပေးပို့ ဖြည့်သွင်းစေ၍ လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုတင်ပြချက်များအပေါ်အကဲဖြတ်သုံးသပ်ခဲ့ရာ ငါးနှစ်တာကာလအတွင်းသတ်မှတ်ခဲ့သည့် ဆောင်ရွက် ချက်ပေါင်း ၂၅၀ ခု အနက် ၂၀၆ ခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့၍ ၈၂% ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ နယ်ပယ် တစ်ရပ်ချင်းအလိုက် ဆောင်ရွက်နိုင်မှုရာခိုင်နှုန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-





“တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇ ခုနှစ်) ရေးဆွဲရေးလုပ်ငန်းအဖွဲ့ ” နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှဌာနများ၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

## ၂၀၁၈-၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်နိုင်မှုအခြေပြဇယား

| မဟာဗျူဟာလုပ်ငန်းနယ်ပယ် | မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာ အစီအစဉ်များ | လျာထားသော ဆောင်ရွက်ချက်များ | ရလဒ် | ပျမ်းမျှပြီးမြောက်မှု ရာခိုင်နှုန်း |
| --- | --- | --- | --- | --- | --- |
| နယ်ပယ်(၁) - တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူ တိုးတက်စေရေး ဆောင်ရွက်ပေးရန် | ၄ | ၆ | ၁၆ | ၁၄ | ၈၇.၅ % |
| နယ်ပယ်(၂) - အများပြည်သူ၏ အသိပညာကို မြှင့်တင်ပေးရန် | ၂ | ၆ | ၂၀ | ၁၇ | ၈၅ % |
| နယ်ပယ်(၃) - တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ပေးရန် | ၃ | ၁၂ | ၇၇ | ၆၉ | ၈၉.၆ % |
| နယ်ပယ်(၄) - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန် | ၄ | ၁၂ | ၉၆ | ၇၄ | ၇၇ % |
| နယ်ပယ်(၅) - ထိရောက်သောမှုခင်း စီမံခန့်ခွဲမှုနှင့်တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ် တို့ကို တိုးမြှင့်ဆောင်ရွက်ရန် | ၃ | ၅ | ၄၁ | ၃၂ | ၇၈ % |
| | ၁၆ | ၄၁ | ၂၅၀ | ၂၀၆ | ၈၂ % |

## နယ်ပယ် (၁) တရားရုံးဝန်ဆောင်မှုများအများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်

*"ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ရန်အချက် ၁၆ ချက်အနက် ၁၄ ချက် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၈၇.၅ % အောင်မြင်ပြီးမြောက်ခဲ့သည်"*

ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ်ကိုစီမံဆောင်ရွက်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှု တိုးတက်စေရန်အတွက် တရားရုံးများတွင် သတင်းအချက်အလက်ကောင်တာများ၊ အမှုလက်ခံကောင်တာများ တည်ထောင်နိုင်ခဲ့ပြီး အများပြည်သူအတွက် နည်းပညာသုံးမှုခင်းသတင်းအချက်အလက်စနစ်ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားရုံးဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန်အတွက် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား ဝန်ဆောင်မှုသင်တန်းများ ပို့ချပေးနိုင်ခဲ့ပြီးတရားရုံးအဆောက်အဦနှင့်အထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဥပဒေအထောက်အကူပြုအဖွဲ့များဖွဲ့စည်းနိုင်ခြင်း မရှိခဲ့သေးသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွဲ့စည်းနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာလအတွင်း ဝန်ဆောင်မှုသင်တန်းများပို့ချပေးနိုင်ခြင်းမရှိခဲ့သော တရားရုံးများမှ တရားသူကြီးများ နှင့် တရားရုံးဝန်ထမ်းများအား သင်တန်းများ၊ ဆင့်ပွားသင်တန်းများ၊ ဆရာဖြစ် သင်တန်းများပို့ချနိုင်ရေး၊ အသစ်တည်ဆောက်မည့်တရားရုံးများတွင် သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများ ပြည့်စုံလုံလောက်အောင် တည်ထောင်ပေးနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

## နယ်ပယ် (၂) အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

*"ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ရန်အချက် ၂၀ ချက်အနက် ၁၇ ချက် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၈၅ % အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်"*

သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှုတိုးတက်စေရန် တရားသူကြီးများအား မီဒီယာဆက်ဆံရေးကျွမ်းကျင်မှုသင်တန်းများပို့ချပေးနိုင်ခဲ့ပါသည်။ တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်းအချက်အလက်များကို သတင်းမီဒီယာများ၊ နှစ်စဉ်အစီရင်ခံစာများ၊ လက်ကမ်းစာစောင်များ၊ဝက်ဘ်ဆိုဒ်တို့မှတစ်ဆင့် အများပြည်သူသိရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားစီရင်ရေးကျင့်ဝတ်ကို အများပြည်သူသိရှိစေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်ဝက်ဘ်ဆိုဒ်များတွင် လွှင့်တင်ဖော်ပြနိုင်ခဲ့ပါသည်။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပညာပေးခြင်းလုပ်ငန်းကိုပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသဖြင့် လာမည့်ငါးနှစ်တာကာလတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

## နယ်ပယ် (၃) တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ရန်

*“ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ရန် အချက် ၇၇ ချက်အနက် ၆၉ ချက် ဆောင်ရွက်နိုင်ခဲ့၍ ၈၉.၆% အောင်မြင်ပြီးမြောက်ခဲ့သည်”*

တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် တိုးမြှင့်ဖော်ဆောင်နိုင်ရန်အတွက် အခြားသောမဏ္ဍိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာတရားရေး အဖွဲ့အစည်းများနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားစီရင်ရေး ကဏ္ဍနှင့်သက်ဆိုင်သည့် ဥပဒေမူကြမ်းများရေးဆွဲခြင်း၊ အခြားဌာနများသို့ အကြံပြုချက်များပေးခြင်း တို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ ပါသည်။ တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူနိုင်မှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ သတ်မှတ်၍ မဟာဗျူဟာစီမံကိန်းနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပြီး အရာထမ်း၊ အမှုထမ်းများ၏ ဘတ်ဂျက်စီမံခန့်ခွဲခြင်း စွမ်းရည်တိုးတက်အောင် အနီးစပ်ဆုံးဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုလာမည့်စီမံကိန်း ကာလအတွင်းတွင် မိမိတို့အတွက် ဘတ်ဂျက်ခွင့်ပြုနိုင်မှု အကန့်အသတ်အတွင်း အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်သည်။ တရားစီရင်ရေး အတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးနိုင်ရန်အတွက် IT Master Plan၊ နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ်တို့ကို စတင်နိုင်ခဲ့ပြီး ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံခန့်ခွဲမှု နှင့် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများပို့ချနိုင်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စီမံကိန်းကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် အကန့်အသတ်များရှိခဲ့ခြင်း၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ ဘတ်ဂျက်လုံလောက်မှုမရှိခြင်းနှင့် နယ်မြေလုံခြုံရေးဆိုင်ရာကိစ္စရပ်များကြောင့် ဤနယ်ပယ်တွင် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများအား ဖိတ်ခေါ်၍ အချက်အလက်ရှာဖွေမှုဆိုင်ရာ ဆွေးနွေးပွဲများကျင်းပခြင်း၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် စပ်လျဉ်းသော သင်တန်းများကျင်းပခြင်း၊ Budget Database Program ကို ပြန်လည်သုံးသပ်ခြင်း၊ နည်းပညာဆိုင်ရာ အစီအစဉ်များနှင့် အင်တာနက်ကွန်ယက်အခြေခံ အဆောက်အအုံများတည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ လာမည့် ငါးနှစ်တာ ကာလတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခွဲဝေရရှိမည့် ဘတ်ဂျက်ပေါ်တွင် အခြေခံ၍ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ကူညီမှုမပါဘဲ ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ ဦးစားပေးလျာထား ဆောင်ရွက်မည်ဖြစ်သည်။

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၄) တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့်ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

*“ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ရန် အချက် ၉၆ ချက်အနက် ၇၄ ချက်ဆောင်ရွက်နိုင်ခဲ့၍ ၇၇ % အောင်မြင်ပြီးမြောက်ခဲ့ပါသည်”*

တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့်ပညာရပ်ဆိုင်ရာ တိုးတက်မြင့်မားစေရန် တရားစီရင်ရေးကျင့်ဝတ်၊ တရားစီရင်ရေး ဂုဏ်သိက္ခာနှင့် ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်များ၌သင်တန်းများပို့ချပေးနိုင်ခဲ့ပါသည်။တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာတိုးတက်မြင့်မားစေရန်၊ တရားရုံးစာကြည့်တိုက်အဆင့်မြှင့်တင်ခြင်း၊ သုတေသနစွမ်းရည်များ တိုးတက်စေရန် ဆောင်ရွက်ခြင်း၊ အချက်အလက်ကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊ ဖွံ့ဖြိုးတိုးတက် လာသည့်

ပညာရပ်ဆိုင်ရာ နယ်ပယ်များအတွက် သီးသန့်သင်တန်းများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားရုံးဘေးကင်းလုံခြုံမှု အတွက် ဘေးကင်းလုံခြုံရေးအစီအမံများ ထည့်သွင်း ဆောက်လုပ်နိုင်ခဲ့ပြီး လုံလောက်သည့်ဝန်ထမ်းအိမ်ရာများ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ တရားရေးကောလိပ်အသစ် တည်ထောင်နိုင်ရန်ရေရှည်စီမံကိန်းရေးဆွဲပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ရန်လျာထားခဲ့သော တရားခွင် စီမံခန့်ခွဲခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းအတွက် လိုအပ်သော တရားစီရင်ရေးသင်တန်းများ၊ တရားသူကြီးများအတွက် ကျင့်ဝတ်ဆိုင်ရာ လေ့ကျင့်သင်ကြားရေးစာတမ်းများ၊ တရားရုံးဘေးကင်းလုံခြုံမှုဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် တရားစီရင်ရေးကဏ္ဍမှ အဖွဲ့အစည်းများကြား စားပွဲဝိုင်းဆွေးနွေးပွဲများ၊ တရားစီရင်ရေးဆိုင်ရာ တာဝန်ခံမှုယန္တရားနှင့်ပတ်သက်သည့် အသိပညာနှီးနှောဖလှယ်ပွဲများ၊ ကလေးသူငယ်တရားမျှတမှုညွှန်ကိန်းများနှင့် အချက်အလက်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆရာဖြစ်သင်တန်းနှင့် သင်ခန်းစာ စာအုပ်များ၊ ဖြစ်ရပ်မှန်ရှာဖွေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ကုမ္ပဏီနှင့်လူမွဲဥပဒေများဆိုင်ရာလမ်း ညွှန်စာအုပ်နှင့်သင်တန်းများစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့် ဆောင်ရွက်ရန်

*“ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ရန် အချက် ၄၁ ချက်အနက် ၃၂ ချက် ဆောင်ရွက်နိုင်ခဲ့၍ ၇၈% အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်”*

နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တစ်ရပ်ကို အဆင့်လိုက်အကောင်အထည်ဖော်စတင် ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်ထားသော တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာလိုအပ်ချက်များ သတ်မှတ်ခြင်း၊ နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အကူအညီများပေးခြင်း၊ စက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်းသည့် လေ့ကျင့်သင်ကြားပေးသော အစီအစဉ်များဖြစ်သည့်တရားရုံးစစ်တမ်းကောက်ယူမှုသင်တန်း၊ မှုခင်းခြေရာကောက်သင်တန်း၊ ဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများပို့ချခြင်း၊သင်တန်းဆရာများနှင့် ဒေသညှိနှိုင်းရေးမှူးများ ရွေးချယ်လေ့ကျင့်ပေးခြင်း၊ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်သဘောတရားများအား အများပြည်သူနှင့် အဓိကအကျိုးသက်ဆိုင်သူများအား အသိပညာပေးခြင်း တို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်း ကာလအတွင်းနိုင်ငံတစ်ဝန်းတရားရုံးများအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရန်လျာထားမှုတွင် ခရိုင်တရားရုံးများ၏ ၉၈.၆ % ၊ မြို့နယ်တရားရုံးများ၏ ၉၇% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ လုံခြုံရေးအရ မဆောင်ရွက်နိုင်သော ခရိုင်တရားရုံး (၁) ရုံးနှင့် မြို့နယ်တရားရုံး (၁၂) ရုံးသာ ဆောင်ရွက်ရန်ကျန်ရှိပါသည်။

တရားရုံးက ဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက် နယ်ပယ်များ သတ်မှတ်ရာတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ဥပဒေရေးရာနှင့် အခြေခံအဆောက်အအုံများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မူပိုင်ခွင့်ဆိုင်ရာဌာနခွဲ ဖွင့်လှစ်နိုင်ရန်အတွက်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ထို့အပြင် တရားရုံးက အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာဖြေရှင်းပေးသောစနစ်ကို သတ်မှတ်ဆောင်ရွက်ရာတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ် အစီအစဉ်ကို စမ်းသပ်တရားရုံးများ၌ စတင်နိုင်ခဲ့သည်။ စီမံကိန်း၏နောက်ဆုံးနှစ်တွင် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကိုနိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးတွင် တိုးချဲ့ အကောင်အထည်ဖော်

ဆောင်ရွက်နိုင်ခဲ့သည်။ စေ့စပ်ဖြေရှင်းရေးအပါအဝင် အငြင်းပွားမှုများကို အခြားနည်းလမ်းဖြင့် ဖြေရှင်းရေး ကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် "အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန" ကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် စေ့စပ်ဖြေရှင်းရေးဌာနများကိုလည်းကောင်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ စေ့စပ်ဖြေရှင်းရေး အရာရှိနှင့်ဆရာဖြစ်သင်တန်းများ၊ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ၊ အများပြည်သူကျယ်ပြန့်စွာသိရှိစေနိုင်သည့် အစီအစဉ်များကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် 'တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ' ကို ပြဋ္ဌာန်းနိုင်သကဲ့သို့ စေ့စပ်ဖြေရှင်းရေးလက်စွဲ၊ စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်စာအုပ်တို့ကို ထုတ်ပြန်နိုင်ခဲ့သည်။ အွန်လိုင်းအသုံးပြု၍ စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို စီမံကိန်းကာလအတွင်း အကောင်အထည် ဖော်နိုင်ခဲ့ခြင်းမရှိပါ။

## တွေ့ကြုံရသောအခက်အခဲများ နှင့်အကြံပြုချက်များ

၂၀၁၈-၂၀၂၂ ငါးနှစ်တာကာလအတွက် အကဲဖြတ်သုံးသပ်မှုများအရ ငါးနှစ်တာကာလအတွင်း သတ်မှတ်ခဲ့သည့်ဆောင်ရွက်ချက်ပေါင်း ၂၅၀ အနက် ၂၀၆ ခုကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့၍ ၈၂ % အောင်မြင်ပြီးမြောက်ခဲ့သော်လည်း ကျန် ၁၈% ကို ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။ အဓိက အခက်အခဲများအနေဖြင့် စီမံကိန်း၏နောက်ဆုံးသုံးနှစ်ကာလအတွင်း ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကန့်သတ်မှုများရှိခဲ့ခြင်းနှင့် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ အားနည်းသွားခြင်းတို့ကြောင့် နှောင့်နှေးရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်မှတာဝန်ရှိသူများ တက်ညီလက်ညီ တတ်စွမ်းသရွေ့ပူးပေါင်းဆောင်ရွက်မှုများကြောင့် ထိုက်သင့်သောအောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုအတွေ့အကြုံများကိုအခြေပြု၍ တတိယမြောက် မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီမှုမပါဘဲ မိမိတို့ကိုယ်တိုင်အမှန်ဆောင်ရွက်နိုင်မည့် လက်တွေ့ကျသော မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။ နောင်လာမည့် ငါးနှစ်တာကာလအတွင်း အဓိကဆက်လက်ဆောင်ရွက်ရန်အချက်များအနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်၏လုပ်ငန်းပမာဏအလိုက် တရားရုံးဝန်ထမ်းအင်အား လုံလောက်စွာခန့်ထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ စံသတ်မှတ်ချက်နှင့် ပြည့်စုံပြီး လုံခြုံစိတ်ချရသော တရားရုံး/ ဝန်ထမ်းအိမ်ရာအဆောက်အဦများ ပြည့်စုံစွာဆောက်လုပ်နိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများတွင် အိုင်တီနည်းပညာအသုံးပြုမှုတိုးတက်စေရန်၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအားလုံး အိုင်တီနည်းပညာကို ကျွမ်းကျင်စွာအသုံးပြုနိုင်မှုတိုးတက်စေရန်၊ တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာသင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများအပါအဝင်အရည်အသွေးမြှင့်သင်တန်းများပို့ချပေးပြီး လက်တွေ့အသုံးချနိုင်စေရေးဆောင်ရွက်ရန်၊ တရားရုံးအဆင့်ဆင့်၌လိုအပ်လျက်ရှိသော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများလုံလောက်စွာထောက်ပံ့နိုင်ရေး ဆောင်ရွက်ရန်၊ ဘတ်ဂျက်လုံလောက်စွာရရှိရေးအတွက် မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက်ခွဲဝေမှုတို့ ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အကျိုးသက်ဆိုင်သူများအားလုံး ပိုမိုပူးပေါင်းဆောင်ရွက်ရန်တို့ကို အလေးပေးဆောင်ရွက်သင့်ကြောင်းအကြံပြုတင်ပြအပ်ပါသည်။

## တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇ ) နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာရည်မှန်းချက်များနှင့်အညီ တရားစီရင်ရေးကဏ္ဍပိုမိုတိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်ပြီး ပထမအကြိမ်တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)နှင့် ဒုတိယအကြိမ် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) တို့ကို အောင်မြင်စွာအကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတရားစီရင်ရေး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အားကောင်းစေမှုအတွက် အခြေခံဖြစ်သည့် ယခင်မဟာဗျူဟာစီမံကိန်း၏ရလဒ်များ၊ တွေ့ကြုံရသည့်အခက်အခဲများအား ဆန်းစစ်ထားမှုများကိုအခြေပြု၍ တတိယအကြိမ်မြောက် ငါးနှစ်တာတရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို ရေးဆွဲဆောင်ရွက်ခြင်းဖြစ်သည်။

“တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇ ခုနှစ်) ရေးဆွဲရေးလုပ်ငန်းအဖွဲ့” ကို ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ယင်းအဖွဲ့ကို “မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ” ဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်က ကြီးမှူးခဲ့ပြီး ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို ပြန်လည်အကဲဖြတ်သုံးသပ်ခြင်းအပါအဝင် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းအသစ် (၂၀၂၃-၂၀၂၇) ရေးဆွဲခြင်းနှင့် ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃) ရေးဆွဲခြင်းလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ခဲ့သည်။

စီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့သည် ကနဦးအဆင့်တွင် ယခင်စီမံကိန်းအကောင်အထည်ဖော်မှု၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအပေါ် ပြန်လည်သုံးသပ်ပြီး မိမိဌာနတွင်းအကဲဖြတ်သုံးသပ်ချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါဆန်းစစ်ချက်ရလဒ်ကို ဤစီမံကိန်း၏အစတွင် အခန်းကဏ္ဍတစ်ရပ်အနေဖြင့်ဖော်ပြထားသည်။ စီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့သည် မဟာဗျူဟာစီမံကိန်းအသစ်အတွက် စီမံကိန်းကာလ၊ ဦးစားပေးအစီအစဉ်များ၊ လုပ်ငန်းနယ်ပယ်များ၊ ရည်မှန်းချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ နှစ်စဉ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်အတွက် ဆောင်ရွက်ချက်များနှင့် လုပ်ငန်းလျာထားချက်များ သတ်မှတ်နိုင်ရေး အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သက်ဆိုင်ရာဌာနအသီးသီး၊ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လေးကြိမ်တိုင် ကျင်းပခဲ့သည်။ အစည်းအဝေးများတွင်ဆွေးနွေးအကြံပြုတင်ပြချက်များ၊ သဘောထားမှတ်ချက်ပေးပို့မှုများ၊ ၂၀၁၈ ခုနှစ် မှ ၂၀၂၁ ခုနှစ် အတွင်း ထုတ်ပြန်ခဲ့သည့် တရားရုံးနှစ်စဉ်အစီရင်ခံစာများပါ မှုခင်းစာရင်း၊ ကိန်းဂဏန်းအချက် အလက်များနှင့် နှစ်စဉ်မဟာဗျူဟာလုပ်ငန်း အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကိုကိုးကားထားသည်။ ဤစီမံကိန်း၌ ယခင်စီမံကိန်းများ ရေးဆွဲစဉ်ကပူးပေါင်းဆောင်ရွက်ခဲ့သည့်အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီ မပါဝင်ဘဲ မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲရေး လုပ်ငန်းအဖွဲ့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သက်ဆိုင်ရာဌာနအသီးသီး၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်တို့မှ

တာဝန်ရှိသူများ ဆွေးနွေးပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤစီမံကိန်း၌ပထမနှစ်မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၃) ကိုပါ တစ်ပါတည်း ဖော်ပြထားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဌာနအသီးသီး၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းအစီအစဉ်များကို ဖော်ပြထားသည်။

ဤငါးနှစ်တာ မဟာဗျူဟာစီမံကိန်းသည် မြန်မာပြည်သူလူထုအတွက် တန်းတူညီမျှမှု၊ လွတ်လပ်မှုနှင့် တရားမျှတမှုအခွင့်အရေးတို့ကို ဂရုပြုအလေးထားသည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသည့် နိုင်ငံသူနိုင်ငံသားတို့၏ မူလအခွင့်အရေးဆိုင်ရာမူများ၊ တရားစီရင်ရေး လွတ်လပ်မှု အခြေခံမူများဆိုင်ရာဘောဂျင်းကြေငြာချက်နှင့် တရားစီရင်ရေးအပြုအမူဆိုင်ရာ ဘန်းဂလောအခြေခံမူများကိုထင်ဟပ်သည့် မဟာဗျူဟာလုပ်ငန်းနယ်ပယ်များနှင့် ရည်မှန်းချက်များကို ဖော်ပြထားသည်။ ဤမဟာဗျူဟာစီမံကိန်းတွင် အများပြည်သူလက်လှမ်းမီနိုင်မှု၊ အများပြည်သူအသိအမြင်၊ တရားစီရင်ရေး ဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့နှင့်သက်ဆိုင်သည့် အဓိကမဟာဗျူဟာလုပ်ငန်းနယ်ပယ်များ ထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ဖြစ်သည့် “ တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး” သို့ ရောက်ရှိစေရန် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက်ဆောင်ရွက်မည့် ရည်မှန်းချက်များ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များကိုလည်း ဖော်ပြထားသည်။








*"တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇ ခုနှစ်) ရေးဆွဲရေးလုပ်ငန်းအဖွဲ့" နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဌာနများ၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ အပြီးသတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း*

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇) အကြောင်းအကျဉ်းချုပ်

ငါးနှစ်တာတရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ( ၂၀၂၃ - ၂၀၂၇ ) သည် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အတွက် မြန်မာတရားစီရင်ရေး၏ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ၏အဓိပ္ပါယ်တို့ကို သတ်မှတ်ဖော်ပြထားသည်။ ဤမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အဆိုပါ ရည်မှန်းချက်များကို စီမံကိန်း၏ ပန်းတိုင်အဖြစ်လည်းကောင်း၊ လုပ်ငန်းတာဝန်များကိုပန်းတိုင်ရောက်ရှိစေမည့်နည်းလမ်းများအဖြစ်လည်းကောင်း၊ တန်ဖိုးများကို တရားစီရင်ရေးစီမံခန့်ခွဲမှုဆောင်ရွက်ရန် လမ်းညွှန်များအဖြစ်လည်းကောင်းထင်ဟပ်စေလျက် ဆောင်ရွက်သွားမည်ဖြစ်သည်။

### ရည်မှန်းချက်

- လူတိုင်းသို့အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ်တွင် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

### လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

### တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်မှု

### မဟာဗျူဟာလုပ်ငန်းနယ်ပယ်များ

တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်ငါးရပ်ကို အောက်ပါအတိုင်းသတ်မှတ်ထားသည်-

- တရားရုံးဝန်ဆောင်မှုများအများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်
- အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်
- တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်
- တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊တာဝန်ခံယူနိုင်မှု နှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်
- ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

## မဟာဗျူဟာဦးစားပေးအစီအစဉ်

ငါးနှစ်တာမဟာဗျူဟာစီမံကိန်းသည် မဟာဗျူဟာလုပ်ငန်းနယ်ပယ်ငါးရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် နောင်လာမည့်ငါးနှစ်တွင် ဆောင်ရွက်မည့် မဟာဗျူဟာရည်မှန်းချက် (၁၇) ရပ်၊ အစီအစဉ် (၄၇) ရပ် တို့ကို တိတိကျကျသတ်မှတ်ဖော်ပြထားသည်။

ငါးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် မဟာဗျူဟာစီမံကိန်းအစီအစဉ်များနှင့် ရလဒ်တိုင်းတာချက်များကိုလည်းဖော်ပြထားသည်။ အဆိုပါမဟာဗျူဟာအစီအစဉ်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဦးစားပေးအစီအစဉ်များသတ်မှတ်ရာတွင် ချက်ချင်းလုပ်ဆောင်ရမည့်လိုအပ်ချက်များ၊ မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၂) ပါ ဆက်လက်လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များနှင့် အရင်းအမြစ်ရရှိနိုင်မှုတို့အပေါ် အခြေခံထားသည်။

| | |
|---|---|
| **ဦးစားပေးအဆင့် ၁** | ၂၀၂၃ ခုနှစ်တွင် ချက်ချင်းလုပ်ဆောင်ရန် အထူးအရေးကြီး မဟာဗျူဟာအစီအစဉ်များ |
| **ဦးစားပေးအဆင့် ၂** | ၂၀၂၄ သို့မဟုတ် ၂၀၂၅ ခုနှစ်တွင် ရရှိနိုင်မည့် အရင်းအမြစ်များအရ အကောင်အထည်ဖော်မည့် ထိပ်တန်းဦးစားပေးမဟာဗျူဟာအစီအစဉ်များ |
| **ဦးစားပေးအဆင့် ၃** | ၂၀၂၆ သို့မဟုတ် ၂၀၂၇ ခုနှစ်တွင် ရရှိနိုင်မည့် အရင်းအမြစ်များအရ အကောင်အထည်ဖော်မည့် အလယ်အလတ်အဆင့်ဦးစားပေး မဟာဗျူဟာအစီအစဉ်များ |

## အဓိကမဟာဗျူဟာလုပ်ငန်းနယ်ပယ်များ
## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁

### တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

တရားမျှတမှုအခွင့်အရေးကိုလူတိုင်းရပိုင်ခွင့်ရှိသည့်အားလျော်စွာ မြန်မာနိုင်ငံတရားစီရင်ရေးသည် လူတိုင်းအတွက်တန်းတူလက်လှမ်းမီရေး၊ မျှတမှုရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အမှုအခင်းများကို အကောင်းဆုံးဖြစ်နိုင်သည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများက ပြည်သူလူထုလိုအပ်သည့် အကူအညီများ၊ သတင်းအချက်အလက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို အပြည့်အဝအကောင်အထည်ဖော်ရေးအတွက် နိုင်ငံတစ်ဝန်းတွင် ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ်တစ်ရပ် စီမံဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ရာဇဝတ်မှုဖြင့်စွပ်စွဲခံရသူများသည် မည်သည့်အခြေအနေတွင်ရှိသည်ဖြစ်စေ အရည်အသွေးပြည့်ဝသည့် ဥပဒေအရကိုယ်စားပြုဆောင်ရွက်ပေးသူ ရရှိနိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်သည်။

တရားရုံးများသည် တရားစီရင်ရေးဆိုင်ရာဝန်ဆောင်မှုများကို အများပြည်သူလက်လှမ်းမီရေးနှင့် တရားရုံးသတင်းအချက်အလက်များကို လုံခြုံစိတ်ချလွယ်ကူစွာရရှိစေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းရှိ တရားရုံးအဆင့်ဆင့်၏အဆောက်အဦပုံစံများ ခေတ်မီစေရေးနှင့် တရားရုံးအင်္ဂါရပ်နှင့်ညီညွတ်စေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တရားရုံးများသည် ဂုဏ်သိက္ခာရှိပြီးနိုင်ငံသားတို့၏အခွင့်အရေးများကို အကာအကွယ်ပေးသည့်

တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ပေးသော အဓိက အခန်းကဏ္ဍအဖြစ် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### မဟာဗျူဟာရည်မှန်းချက် ၁.၁

### ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးစနစ်တည်ထောင်ရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- နိုင်ငံတစ်ဝန်းတွင် ထိရောက်သောဥပဒေဆိုင်ရာအထောက်အကူပေးရေးစနစ် တစ်ရပ်ကိုစီမံဆောင်ရွက်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေး ရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း

### မဟာဗျူဟာရည်မှန်းချက် ၁.၂

### တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှုတိုးတက်စေရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရုံးများတွင် ခေတ်မီအများပြည်သူဆိုင်ရာ သတင်းအချက်အလက် ကောင်တာများနှင့် အမှုလက်ခံဌာနများတည်ထောင်ခြင်း
- တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များတိုးမြှင့်လွှင့်တင်ခြင်း
- အများပြည်သူလက်လှမ်းမီသည့် တရားစီရင်ရေးဆိုင်ရာနည်းပညာသုံးသတင်း အချက်အလက်စနစ်များဆောင်ရွက်ခြင်း

### မဟာဗျူဟာရည်မှန်းချက် ၁.၃

### တရားရုံးသို့လာရောက်သူများအား ယဉ်ကျေးလိုက်လျောစွာဆက်ဆံရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်း ဆက်လက်ပေးခြင်း

### မဟာဗျူဟာရည်မှန်းချက် ၁.၄

### တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုတိုးတက်စေရေးအတွက် တရားရုံး အဆောက်အဦအသစ်များဆောက်လုပ်ရန်နှင့် လက်ရှိအဆောက်အဦများအား ပြုပြင်မွမ်းမံရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- အခြေခံစံသတ်မှတ်ထားသည့် ဒီဇိုင်းပုံစံများနှင့်အညီ တရားရုံးအဆောက်အဦ နှင့်ဝန်ထမ်းအိမ်ရာအသစ်များတည်ဆောက်ခြင်း/ အဆောက်အဦအဟောင်း များပြုပြင်မွမ်းမံခြင်း
- တရားရုံးတွင်ပြည့်စုံလုံလောက်မှုနှင့်စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရား ရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင်ဆောင်ရွက်ခြင်း

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၂

### အများပြည်သူ၏အသိအမြင်ကိုမြှင့်တင်ပေးရန်

တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းခြင်းနှင့်အကောင်အထည်ဖော်ခြင်းသည် တရားစီရင်ရေး၏ အရေးအကြီးဆုံးသောတာဝန်တစ်ရပ်ဖြစ်သည်။ တရားရုံးများ အပေါ် အများပြည်သူ၏ယုံကြည်ကိုးစားမှုကိုမြှင့်တင်နိုင်ရန်အတွက်အများပြည်သူ နှင့်ပွင့်လင်းမြင်သာစွာပြောဆိုဆက်ဆံခြင်း၊ အများပြည်သူကို အသိပညာပေးခြင်း နှင့် တရားရုံးနှင့်ရပ်ရွာလူထုကြား အသိအမြင်ဖြန့်ဝေပေးနိုင်မှုအစီအစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ တရားရုံးအဆင့်ဆင့်တွင် သတင်း အချက်အလက်ဝန်ဆောင်မှုများပေးခြင်းဖြင့် သတင်းမီဒီယာ၊ အများပြည်သူနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မှုခင်းလုပ်ငန်းစဉ်နှင့်လူတိုင်းအတွက်

တရားမျှတမှုလက်လှမ်းမီရေး မြှင့်တင်ခြင်းဖြင့် ရရှိသည့်အကျိုးရလဒ်များကို အများပြည်သူသို့ကြိုတင်ထုတ်ပြန်သွားမည်ဖြစ်သည်။ အလားတူအများပြည်သူသိလိုသည့် မေးမြန်းမှုများကိုကြိုဆိုလက်ခံ၍ အချိန်မီသင့်လျော်စွာတုံ့ပြန်ဖြေကြားသွားမည်ဖြစ်သည်။

### မဟာဗျူဟာရည်မှန်းချက် ၂.၁

### သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှုတိုးတက်စေရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားသူကြီးများကို မီဒီယာဆက်ဆံရေးကျွမ်းကျင်မှုသင်တန်းပေးခြင်း
- တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုများတိုးတက်စေခြင်း
- အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း

### မဟာဗျူဟာရည်မှန်းချက် ၂.၂

### တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြုအစီစဉ်များ မြှင့်တင်ဆောင်ရွက်ရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- အများပြည်သူအထောက်အကူပြု အစီအစဉ်များဆောင်ရွက်ခြင်း
- တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့်ဆောင်ရွက်ပေးခြင်း

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၃

### တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်

ဒီမိုကရေစီစနစ်တစ်ရပ်ပေါ်ထွန်းရေးအတွက် လွတ်လပ်၍ရန်ပုံငွေလုံလောက်စွာရရှိပြီး လုပ်ငန်းကောင်းစွာဆောင်ရွက်နိုင်သည့် တရားစီရင်ရေးတစ်ရပ်ရှိရန် အလွန်အရေးကြီးပါသည်။ တရားစီရင်ရေးကဏ္ဍသည် မြန်မာပြည်သူအားလုံးအတွက်တရားမျှတမှုရရှိရေးနှင့် တရားစီရင်ရေးတာဝန်များ အပြည့်အဝထမ်းဆောင်နိုင်ရန် လုံလောက်သောအရင်းအမြစ်များရရှိရေးတို့ကို နိုင်ငံတော်၏အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ တရားစီရင်ရေးကဏ္ဍသည် ဤမဟာဗျူဟာစီမံကိန်းတွင်ချမှတ်ထားသောရည်မှန်းချက်ပန်းတိုင်များ အမှန်တကယ်ဖြစ်ပေါ်လာရေးအတွက် အစိုးရ၏အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍတို့က ပေးအပ်ထားသောအရင်းအမြစ်များကို အထိရောက်ဆုံးဖြစ်စေရန် တာဝန်ယူ၍ ခွဲဝေသုံးစွဲစီမံခန့်ခွဲမည်ဖြစ်သည်။ အများပြည်သူ၏ယုံကြည်ကိုးစားမှုကို တည်ဆောက်ရန်နှင့် တရားစီရင်ရေးလွတ်လပ်မှုကိုထိန်းသိမ်းလုပ်ဆောင်ရန်အတွက် ဘဏ္ဍာရေးနှင့်လူ့အရင်းအမြစ်များကိုခိုင်မာထိရောက်စွာစီမံခန့်ခွဲ၍ အသုံးပြုရန် အလွန်အရေးကြီးပါသည်။

### မဟာဗျူဟာရည်မှန်းချက် ၃.၁

### တရားစီရင်ရေးကိုခိုင်မာ၍ ယုံကြည်ထိုက်သောလွပ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် တိုးမြှင့်ဖော်ဆောင်ရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု၏ လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်ခြင်း
- ကောင်းမွန်စွာလုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့် တရားစီရင်ရေးအဖြစ်တိုးတက်ဖြစ်ပေါ်စေရန် အခြားသောမဏ္ဍိုင်များ၊ အကျိုးသက်ဆိုင်သူများ၊

အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း
- အပြည်ပြည်ဆိုင်ရာတရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း
- တရားစီရင်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များပေးခြင်း

**ဦးစားပေးအဆင့် ၂ အစီအစဉ်**
- အသေးစားတောင်းဆိုခြင်းဆိုင်ရာ တရားရုံးဥပဒေမူကြမ်းရေးဆွဲရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် သုတေသနပြု ဆောင်ရွက်ခြင်း

## မဟာဗျူဟာရည်မှန်းချက် ၃.၂
## တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**
- ဘတ်ဂျက်ဦးစားပေးအစီအစဉ်များသတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များကိုသုံးသပ်ခြင်း
- တရားရုံးဘတ်ဂျက်ကိုစီမံခန့်ခွဲရန် တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ စွမ်းရည်တိုးတက်မြင့်မားအောင်ဆောင်ရွက်ခြင်း
- လက်ရှိမဟာဗျူဟာစီမံကိန်းအား နှစ်စဉ်ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း

**ဦးစားပေးအဆင့် ၃ အစီအစဉ်**
- လက်ရှိမဟာဗျူဟာစီမံကိန်းအားပြန်လည် အကဲဖြတ် သုံးသပ်ခြင်းနှင့် မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲခြင်း

## မဟာဗျူဟာရည်မှန်းချက် ၃.၃
## တရားစီရင်ရေးအတွက် ထိရောက်သောအကျိုးရှိသည့်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များမြှင့်တင်ပေးရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**
- မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) အား နည်းပညာသုံးစီမံခန့်ခွဲမှုစနစ် (ACMS) အဖြစ် အဆင့်လိုက်မြှင့်တင်ဆောင်ရွက်ခြင်း
- စီမံခန့်ခွဲရေးလုပ်ငန်းများတွင် စာရွက်အသုံးပြုမှုလျော့ချနိုင်ရန် နည်းပညာအသုံးပြုမှု တိုးမြှင့်ဆောင်ရွက်ခြင်း
- တရားစီရင်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများအား နည်းပညာသုံးစနစ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- တရားစီရင်ရေး/ဥပဒေပညာရပ်ပိုင်းဆိုင်ရာအတွက် Online စနစ်များဖော်ဆောင်ခြင်း
- လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာလမ်းညွှန်ချက်များမြှင့်တင်ခြင်း

# မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄

## တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

မြန်မာနိုင်ငံတရားစီရင်ရေးသည် တရားရုံးရှေ့မှောက်ရှိသူအားလုံးအား အရည်အသွေးမြင့်တရားစီရင်ရေးနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်များကို အကောင်အထည်ဖော်ရန်နှင့် တရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များသည် သက်ဆိုင်ရာဥပဒေနှင့် ညီညွတ်မှုရှိစေရေးအတွက် သင့်လျော်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ တရားသူကြီး

များက အမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ၊ မူဝါဒများ၊ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာစံနှုန်းများနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ရန် အတွက် လိုအပ်သောသင်တန်းများနှင့် အထောက်အပံ့များ ဆောင်ရွက်ပေးမည် ဖြစ်သည်။ အများပြည်သူတို့အားဝန်ဆောင်မှုပေးသည့် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တရားသူကြီးများနှင့်ရုံးဝန်ထမ်းများ အတွက်ဘေးကင်းလုံခြုံသော လုပ်ငန်းခွင် တစ်ရပ်ဖန်တီးပေးရမည်ဖြစ်သည်။ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှု ဗဟိုဌာနသစ်တစ်ခုနှင့် ဥပဒေသုတေသနစာကြည့်တိုက်များ တည်ထောင်ရန်နှင့် အွန်လိုင်းဖြင့်သုတေသနပြုမှုကိုခေတ်နှင့်အညီပြုလုပ်နိုင်ရန် တို့အတွက် သင့်လျော်သော ရန်ပုံငွေဖြင့်ဆောင်ရွက်မည်ဖြစ်သည်။ ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်၍ တာဝန်ခံနိုင်သော တရားစီရင်ရေးတစ်ရပ်သည် ဥပဒေနှင့်အညီမျှတစွာဆုံးဖြတ်ခြင်း၊ လွှမ်းမိုးစွက်ဖက်ခံရမှုကင်းခြင်းဖြင့် အများပြည်သူ၏ ယုံကြည်လေးစားမှုကို ရရှိမည်ဖြစ်သည်။

## မဟာဗျူဟာရည်မှန်းချက် ၄.၁

### တရားသူကြီးများ၊တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့်နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှု မြင့်မားစေရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာတိုးတက်မှု အတွက်ပံ့ပိုးကူညီခြင်း
- တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှု အတွက် ပံ့ပိုးကူညီခြင်း
- တရားသူကြီးများအတွက် သတင်းအချက်အလက်စနစ်မြှင့်တင် ဆောင်ရွက်ခြင်း

## မဟာဗျူဟာရည်မှန်းချက် ၄.၂

### တရားရုံးအရာထမ်း၊ အမှုထမ်းများ၏တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများအားကောင်းလာစေရေး ဆက်လက် ဆောင်ရွက်ရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် ဥပဒေရေးရာ သုတေသနစွမ်းရည်များ တိုးတက်ရေးဆောင်ရွက်ခြင်း
- တရားစီရင်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုရန် အချက်အလက်စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်း
- တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်လာစေရန် သီးသန့်သင်တန်းများပေးခြင်း
- တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်မှုနှင့် အများပြည်သူကျေနပ်မှုမြှင့်တင်ရန် သင်တန်းများဆက်လက်ပေးခြင်း
- တရားစီရင်ရေးဆိုင်ရာအသိပညာပေးမှုမြှင့်တင်ရန်

## မဟာဗျူဟာရည်မှန်းချက် ၄.၃

### တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ဘေးကင်းလုံခြုံရေးဆောင်ရွက်ပေးရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရုံးဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေအပေါ် လေ့လာဆန်းစစ်ခြင်းနှင့်အကြံ ပြုခြင်း
- တရားရုံးများ၏ဘေးကင်းလုံခြုံမှု တိုးတက်စေခြင်း
- လုံလောက်သည့် ဝန်ထမ်းအိမ်ရာများပံ့ပိုးပေးခြင်း

### မဟာဗျူဟာရည်မှန်းချက် ၄.၄
### တရားရေးသင်တန်းကျောင်းအသစ်တည်ထောင်ရန်
**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရေးသင်တန်းကျောင်းအတွက် ဘဏ္ဍာရေးရှာဖွေခြင်းနှင့် ဆက်လက်တည်ဆောက်ခြင်း
- တရားရေးသင်တန်းကျောင်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်း

### မဟာဗျူဟာရည်မှန်းချက် ၄.၅
### တရားစီရင်ရေးအတွက် နည်းပညာအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားရေးဆောင်ရွက်ရန်
**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားစီရင်ရေးဆိုင်ရာနည်းပညာအခြေခံစံနှုန်းများသတ်မှတ်ဆောင်ရွက်ခြင်း
- စွမ်းဆောင်ရည်မြင့်နည်းပညာဆိုင်ရာသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း
- နည်းပညာဆိုင်ရာအသိပညာပေးအစီအစဉ်များဆောင်ရွက်ခြင်း
- တရားရုံးအသီးသီးအတွက် လုံခြုံစိတ်ချစွာ ဆက်သွယ် အသုံးပြုနိုင်သည့်ကွန်ရက်တစ်ခုတည်ဆောက်ရန်

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅

### ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

အများပြည်သူက အမှုအခင်းများကို ဥပဒေနှင့်အညီ တရားမျှတ၍ အချိန်မီထိရောက်စွာ ဖြေရှင်းပေးသည့် တရားရုံးစနစ်တစ်ခုကို လိုလားပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုကို ထိရောက်အောင်ဆောင်ရွက်မည်ဖြစ်သည်။ ခေတ်မီနည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုနည်းစနစ်၊ အထောက်အကူပြုသည့် ထိရောက်သော အမှုသွားအမှုလာ စီမံခန့်ခွဲမှုနည်းစနစ်များသည် ကျူးလွန်ခံရသူများ၊ သက်သေများ၊ ရှေ့နေများနှင့် တရားရုံးဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေနိုင်မည်ဖြစ်သည်။ ခေတ်မီမှုခင်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များက အမှုရွှေ့ဆိုင်းမှုကြောင့် ဖြစ်ပေါ်စေသည့် အချိန်ပြုန်းတီးမှုကို သိသာ ထင်ရှားစွာ လျော့ကျစေနိုင်မည်ဖြစ်သည်။

မြန်မာတရားစီရင်ရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာသော ခေတ်မီစီးပွားရေးစနစ်မှ ပေါ်ပေါက်လာမည့်အငြင်းပွားမှုများကို ဖြေရှင်းရန်အလို့ငှာ အထူးမှုခင်းကိစ္စရပ်များအတွက် ဆောင်ရွက်မည့်တရားခွင်များနှင့် ဌာနခွဲများ သတ်မှတ်တည်ထောင်မည်ဖြစ်ပြီး ခေတ်မီ၍ ထိရောက်မှုရှိသော အပြည်ပြည်ဆိုင်ရာ စီရင်ဆုံးဖြတ်သည့်စံနှုန်းများဖြင့် အမှုဖြေရှင်းဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းသစ်များကိုလည်း ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်မီစီးပွားရေးစနစ်အရ ဖြစ်ပေါ်လာမည့်အငြင်းပွားမှုတို့ကို ဖြေရှင်းရန်အတွက် မြန်မာတရားစီရင်ရေးသည် တရားရုံးများတွင် အထူးဆောင်ရွက်မည့်ရုံးများနှင့် တရားခွင်များကိုသတ်မှတ်၍ စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။ ထို့အတူ ခေတ်မီ၍ ထိရောက်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ အမှုစီရင်ဆုံးဖြတ်သည့်စံနှုန်းများကို အသုံးပြု၍ အမှုဖြေရှင်းဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းများကိုလည်း ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

## မဟာဗျူဟာရည်မှန်းချက် ၅.၁
## နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုတိုးမြှင့်ဆောင်ရွက်ရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ခြင်း
- နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား လေ့ကျင့်သင်ကြားသည့် အစီအစဉ် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း

## မဟာဗျူဟာရည်မှန်းချက် ၅.၂
## တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်အတွက် နယ်ပယ်များ သတ်မှတ်ခြင်း

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်အတွက် နယ်ပယ်များသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- ကာကွယ်စောင့်ရှောက်မှု လိုအပ်သည့်အုပ်စုများအတွက် အရင်းအမြစ်ကျသော တရားမျှတမှု တိုးမြှင့်ဆောင်ရွက်ခြင်း

## မဟာဗျူဟာရည်မှန်းချက် ၅.၃
## တရားရုံးကအငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသောစနစ်များကို သတ်မှတ်ဆောင်ရွက်ရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းအား ပိုမိုတိုးတက်စေရန် ဆောင်ရွက်ခြင်း
- အငြင်းပွားမှုများကို အခြားနည်းဖြင့်ဖြေရှင်းခြင်းစနစ် (ADR System) ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း

## အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ

ဤငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို ရည်မှန်းကာလအတိုင်းအတာသုံးခုသတ်မှတ်၍ ပူးတွဲပါဇယားဖြင့် ဖော်ပြထားသည်။ လုပ်ငန်းလျာထားသတ်မှတ်ချက်အတွက် ရည်မှန်းကာလများသည် မဟာဗျူဟာအစီအစဉ်များ၏ ဦးစားပေးအဆင့် ၁ (၂၀၂၃ ခုနှစ်)၊ ဦးစားပေးအဆင့် ၂ (၂၀၂၄-၂၀၂၅ ခုနှစ်) နှင့် ဦးစားပေးအဆင့် ၃ (၂၀၂၆-၂၀၂၇ ခုနှစ် ) တို့အတွက် ဦးစားပေးအစီအစဉ်များနှင့် ယေဘုယျအားဖြင့် ထပ်တူဖြစ်သည်။

ယခင် ၂၀၁၈-၂၀၂၂ ခုနှစ် မဟာဗျူဟာစီမံကိန်းကဲ့သို့ပင် ဤငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) အတွက် အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များသည် တရားရုံးအားလုံးနှင့် သက်ဆိုင်မည်ဖြစ်သည်။ ၂၀၁၈-၂၀၂၂ ခုနှစ် မဟာဗျူဟာစီမံကိန်းကာလအတွင်း နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များကို အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နိုင်ငံတစ်ဝန်းရှိ ခရိုင်တရားရုံးများအားလုံးနှင့် မြို့နယ်တရားရုံးများအားလုံးတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များကို စီမံကိန်းကာလအတွင်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အခြေခံမျဉ်းတိုင်းတာမှုကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်နိုင်ခဲ့သည့်ရလဒ်များအပေါ် အချိုးကျတွက်ချက်၍အခြေခံသတ်မှတ်ထားခြင်းဖြစ်ပြီး ၂၀၂၆ - ၂၀၂၇ ခုနှစ်အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို ယခင် စီမံကိန်းတွင်သတ်မှတ်ထားသည့် စံသတ်မှတ်ချက်အတိုင်းပြည့်မီအောင် အကောင်အထည်ဖော်နိုင်ရေးအတွက် သတ်မှတ်ထားခြင်းဖြစ်ကာ တရားရုံးအားလုံးအတွက်စံသတ်မှတ်ချက်အဖြစ်ဖော်ပြရန်ရည်ရွယ်သည်။

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ[၁]

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | အခြေခံမျဉ်းအချက်အလက် အရင်းအမြစ် | တိုင်းတာမှု | အခြေခံမျဉ်း | လုပ်ငန်းလျာထားသတ်မှတ်ချက် | | |
|---|---|---|---|---|---|---|
| | | | | ၂၀၂၃ | ၂၀၂၄-၂၅ | ၂၀၂၆ -၂၇ |
| ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း | တစ်နိုင်ငံလုံးအမှု ပြီးပြတ်နှုန်း | ရာဇဝတ်မှုပြီးပြတ်နှုန်း | ၁၀၀ % | ၁၀၀ % | ၁၀၀ % | ၁၀၀ % |
| | | တရားမမှုပြီးပြတ်နှုန်း | ၉၅ % | ၉၈% | ၁၀၀% | ၁၀၀% |
| | | စုစုပေါင်းပြီးပြတ်မှုနှုန်း | ၉၈% | ၉၉% | ၁၀၀% | ၁၀၀% |
| စစ်ဆေးဆဲအမှုများ၏သက်တမ်း | တစ်နိုင်ငံလုံး စစ်ဆေးဆဲအမှုများ၏ သက်တမ်း | ၁၂ လအထက် စစ်ဆေးဆဲရာဇဝတ်မှု | ၂၃% | ၆% | ၅% | ၅% |
| | | ၃၆ လအထက် စစ်ဆေးဆဲတရားမမှု | ၁၁ % | ၃% | ၂% | ၂% |
| တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု | NCMP တရားရုံးများ၏မေးခွန်း ၁၀ ခုပါစစ်တမ်း | တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု | ၇၈% | ၇၅% | ၇၇% | ၈၀% |
| အမှုရွှေ့ဆိုင်းသည့်နှုန်း | NCMP တရားရုံးများ | ရာဇဝတ်မှုရွှေ့ဆိုင်းမှုနှုန်း | ၅၀% | ၂၅% | ၂၀% | ၂၀% |
| | | တရားမမှုရွှေ့ဆိုင်းမှုနှုန်း | ၄၁% | ၂၅% | ၂၀% | ၂၀% |
| အမှုအလိုက်ကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်း အရေအတွက် | NCMP တရားရုံးများ | ရာဇဝတ်မှု | ၂၂ | ၈ | ၈ | ၈ |
| | | တရားမမှု | ၂၇ | ၁၈ | ၁၄ | ၁၂ |

[၁] ၂၀၂၂ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာကို အခြေပြု၍ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

## မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့်ကြီးကြပ်ဆောင်ရွက်ခြင်း

ဤမဟာဗျူဟာစီမံကိန်းတွင် ချမှတ်ထားသောရည်မှန်းချက်များအောင်မြင်မှုရရှိရန် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်ထောင်စုတရားသူကြီးချုပ်၏ဦးဆောင်မှုဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအားလုံးနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီသည် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါစီမံခန့်ခွဲရေးကော်မတီအနေဖြင့် ပြုပြင်ပြောင်းလဲရေးမူဝါဒချမှတ်ခြင်းနှင့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်အရပ်ရပ်တို့ကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ထောင်စုအဆင့်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး ဦးဆောင်သော မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီက စီမံကိန်းအကောင်အထည်ဖော်မှုကို အထူးကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲသည့်လုပ်ငန်းများကို စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါကော်မတီသည် စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုကို ပြည်ထောင်စုတရားသူကြီးချုပ်ထံ ပုံမှန်အစီရင်ခံစာတင်ပြခြင်းနှင့် တစ်နှစ်တာလုပ်ငန်းအစီအစဉ်အတွက် သက်ဆိုင်ရာနှစ်အလိုက် ဆောင်ရွက်ချက်များ ရေးဆွဲပြုစုခြင်းတို့ကို ဆောင်ရွက်မည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်ဦးဆောင်သည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါစီမံခန့်ခွဲရေးအဖွဲ့သည် သက်ဆိုင်ရာဒေသအတွင်း စီမံကိန်းလုပ်ငန်းတိုးတက်မှုအခြေအနေကို မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီသို့ ပုံမှန်အစီရင်ခံတင်ပြရမည်ဖြစ်သည်။

အထူးအားဖြင့် ဤမဟာဗျူဟာစီမံကိန်းသည် ရည်မှန်းချက်မြင့်မားပြီး စိန်ခေါ်မှုများရှိနေသောကြောင့် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံး ဝန်ထမ်းများအားလုံးက တရားရုံး၏အကောင်းဆုံးဂုဏ်သတင်းကို ထိန်းသိမ်းလျက် အရည်အသွေးမြင့် တရားမျှတမှုရရှိစေရန် စိတ်အားထက်သန်စွာ အားထုတ်မှု၊ ရဲရင့်စွာ ဆောင်ရွက်ပေးမှုတို့အပေါ် တည်မှီနေမည်ဖြစ်သည်။

## ငါးနှစ်တာ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇)

### မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

| မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များ/ မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၁**<br>ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် တည်ထောင်ရန် | ၁.၁.၁ နိုင်ငံတစ်ဝန်းတွင် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး စနစ်တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၂၃ | BLDP+HCs+ DCs+ TCs | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၂**<br>တရားရုံးအသုံးပြုသူများလက်လှမ်း မီနိုင်မှု တိုးတက်စေရန် | ၁.၂.၁ တရားရုံးများတွင် ခေတ်မီ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ကောင်တာများနှင့်အမှုလက်ခံဌာနများ တည်ထောင်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၂၃ | BLDP + HCs | တည်ထောင်ပြီးအရေအတွက်<br>+ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှု |
| | ၁.၂.၂ တရားစီရင်ရေးဆိုင်ရာသတင်းအချက်အလက်များ တိုးမြှင့်လွှင့်တင်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၂၃ | e-Gov+WG(AJP)+ IPRDP+ BLDP+HCs | အချိန်မီပြီးစီးမှု |
| | ၁.၂.၃ အများပြည်သူလက်လှမ်းမီသည့် တရားစီရင်ရေး ဆိုင်ရာ နည်းပညာသုံး သတင်းအချက်အလက်စနစ်များ ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၂၃ | OUSC+ e-Gov+ CMWG+ BLDP+ HCs+ All Courts | တိုးတက်မှုအဆင့်နှင့် အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၃**<br>တရားရုံးသို့လာရောက်သူများအား ယဉ်ကျေးလိုက်လျှော လေးစားစွာ ဆက်ဆံရန် | ၁.၃.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်း ဆက်လက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၂၃ | TDP+IPRDP+ All Courts | သင်တန်းပေးပြီးအရေအတွက်<br>+ သင်တန်းတက်ရောက်သူများ၏သုံးသပ်ချက်<br>+ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှု |

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

| မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များ/ မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
